လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ January 2023

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း




၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ နေပြည်တော်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ရုံးချုပ်)၊ သီရိရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများ ဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒုတိယခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များ၊ အတွင်းရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ၁၉၉၅ ခုနှစ် ဘေဂျင်းကြေညာစာတမ်းအရ အမျိုးသမီးများအား ကဏ္ဍစုံလုပ်ငန်း နယ်ပယ်အသီးသီးမှာ ပါဝင်ခွင့် ရရှိစေဖို့နဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ အဖွဲ့ဝင်အဖြစ် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အသီးသီးမှာ ဖွဲ့စည်းထားတဲ့ အမျိုးသမီးကော်မတီများမှာလည်းတက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ လုပ်ငန်းယန္တရားကို ပိုမိုအသက်ဝင်စေကာ လုပ်ငန်းတာဝန်များ ထိရောက်ကျယ်ပြန့်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေနဲ့ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ခြင်းနဲ့ စွမ်းပကားမြင့်တင်ခြင်း လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး နိုင်ငံတကာအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေနဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းနဲ့ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များစတဲ့ နိုင်ငံတကာလုပ်ငန်း အစီအစဉ်များကို နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ အကောင်အထည်ဖော်လျက်ရှိပါသည်။



၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁၅) ရက်နေ့မှ (၁၇) ရက်နေ့ အထိ ကျင်းပခဲ့တဲ့ (၁၇) ကြိမ် မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနဲ့ ဆက်စပ် အစည်းအဝေးများ ကျင်းပစဉ် ကာလအတွင်း ချီးမြှင့်ခဲ့တဲ့ အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်က ထိုက်ထိုက်တန်တန် ရရှိခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) (NSPAW) Phase 1 ပါ လုပ်ငန်းစဉ်များဖြစ်တဲ့ အမျိုးသမီး များနဲ့ ပညာရေး၊

ကျန်းမာရေး၊ စီးပွားရေး၊ မီဒီယာ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အရေးပေါ် အခြေအနေနဲ့ ပဋိပက္ခဒေသအတွင်းရှိ အမျိုးသမီးများ အတွက် လုပ်ငန်းရပ်များ ဆောင်ရွက်ပေးလျက်ရှိရာမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နဲ့လည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိတာကို သိရှိရတဲ့ အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase 2 ရေးဆွဲရေးကို ဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ပါသည်။

လူမှုဝန်ထမ်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကော်မတီအဖွဲ့ဝင် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍဟာ များစွာ အရေးပါတာ ဖြစ်လို့ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီနဲ့အတူ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးမှတ်တမ်းဗီဒီယိုကို ကြည့်ရှု အားပေးခဲ့ကြသည်။






ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များမှာလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနဲ့အတူ နေပြည်တော် ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စေတနာ့ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့နဲ့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ အသိပညာ ပေးခြင်းလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးသည့် နေရာများ၊ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းစဉ်များမှာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို အထူးလေးစား အားရဖွယ် တွေ့ရှိရပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေး အတွက် အာဆီယံဆိုင်ရာ လုပ်ငန်းများ အပါအဝင်

ဆက်လက်၍ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ ကျေးရွာများအား ဆုချီးမြှင့် ခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ရာ ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှက လွှမ်းခြုံမှုနှင့်စွမ်းဆောင်မှု အကောင်းဆုံးဆုတွင် ပထမဆုရ ရှမ်းပြည်နယ်၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီး၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး နှင့် အထူးဆုရ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကို လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက လွှမ်းခြုံမှု အကောင်းဆုံးဆုတွင် ပထမဆုရ ကချင် ပြည်နယ်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး၊

တတိယဆုရ မွန်ပြည်နယ်နှင့် အထူးဆုရ နေပြည်တော် ကောင်စီနယ်မြေတို့မှကိုယ်စားလှယ်များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်ကစွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရ ကရင်ပြည်နယ်၊ တတိယဆုရ ရခိုင်ပြည်နယ်နှင့် အထူးဆုရ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကို လည်းကောင်း၊ နာယက ဒေါ်နီနီဝင်းက စဉ်ဆက်မပြတ်စွမ်း ဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရ ရှမ်းပြည်နယ်၊ တတိယဆုရ မွန်ပြည်နယ်နှင့် အထူးဆုရ မန္တလေးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ



အဖွဲ့ချုပ် (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နေ့လယ်ပိုင်း (ပထမပိုင်းအစီအစဉ်)ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် က အမှာစကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက (၂)နှစ်တာ ကာလ အတွင်းဆောင်ရွက်ချက်များကို တင်ပြကြပြီး တင်ပြချက်များအပေါ် သဘာပတိမှ ပြန်လည်သုံးသပ် ခဲ့သည်။

ဆက်လက်၍ အစည်းအဝေး နေ့လယ်ပိုင်း (ဒုတိယပိုင်းအစီအစဉ်) ကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်တင်တင်လတ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီးတိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များ က (၂) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြ ကြရာ တင်ပြချက်များအပေါ် သဘာပတိမှ ပြန်လည် သုံးသပ်ခဲ့ကြောင်းနှင့် အဆိုပါနှစ် ပတ်လည်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်နေ့မှ (၁၇)ရက်နေ့ အထိ (၂)ရက်တာ ကျင်းပသွားမည်ဟု သတင်းရရှိပါသည်။

# ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် အရာထမ်း/အမှုထမ်းများမှ အတွေ့အကြုံများ ရှင်းလင်းတင်ပြသည့် အစီအစဉ်ပြုလုပ်ခြင်း



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ နေပြည်တော်

ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခဲ့သော အရာထမ်း/အမှုထမ်းများမှ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်ပခရီးစဉ်များ အနည်းငယ်ရပ်တန့်နေချိန်တွင် ဝန်ကြီးဌာန၏ Core Functions များကို ပိုမိုအားစိုက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၂ခုနှစ် အတွင်း ပြည်ပခရီးစဉ်များရှိလာပြီး ဝန်ကြီးဌာနအတွင်း အရာထမ်း (၇၀)ဦး၊ အမှုထမ်း(၁၀)ဦး၊ စုစုပေါင်း(၈၀)ဦးတို့သည် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံအစရှိသည့် နိုင်ငံများသို့ ခရီးစဉ်(၃၄)ကြိမ် သွားရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပပညာသင်စေလွှတ်ခြင်းကိစ္စရပ်များကို အားပေးလျက်ရှိပါကြောင်း၊ Life Long Learning အနေဖြင့် လုပ်ငန်းခွင်သင်ကြားရေးသာမက ပြည်ပ

အစည်းအဝေးများ၊ ညီလာခံများ တက်ရောက်ခြင်းဖြင့် သင်ယူရမှာဖြစ်ပါကြောင်း၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ တက်ရောက်သူများအနေဖြင့် နိုင်ငံတော်နှင့်ဌာနအပေါ်တွင် သစ္စာရှိရန်နှင့် ဌာနကို ပြန်လည်အကျိုးပြုရမှာ ဖြစ်ပါကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် အတွေ့အကြုံများ ဖလှယ်မျှဝေခြင်း အစီအစဉ်တွင် ဗဟုသုတများ တိုးပွားစေရေး သေချာမှတ်သားပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပါရန် ပြောကြားခဲ့ပါသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ် ပထမပိုင်းအစီအစဉ်ကို (၁၈-၁-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယပိုင်းအစီအစဉ်ကို (၂၀-၁-၂၀၂၃) ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး စုစုပေါင်း အရာထမ်း (၁၁)ဦးတို့က ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည် ရှင်းလင်းမျှဝေခဲ့ကြကာ တက်ရောက်လာသူများမှ မေးခွန်းများမေးမြန်းခြင်း၊ မိမိတို့ဌာနအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ ဖော်ထုတ်အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## Myanmar Disaster Alert (MDA) Mobile App မိတ်ဆက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များ တင်ပြသည့်အစီအစဉ် ပြုလုပ်ခြင်း



၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နေပြည်တော်

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ရေးဆွဲထားရှိသော Myanmar Disaster Alert (MDA) မိုဘိုင်းအပလီကေးရှင်း မိတ်ဆက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲရလဒ်များ တင်ပြခြင်းအစီအစဉ်ကို (၂၅.၁.၂၀၂၃) ရက်နေ့ မွန်းလွဲပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပဆောင်ရွက်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးတစ်ခုဖြစ်လာပါက ယင်းဒေသရှိ ပြည်သူများသည် ပထမဦးဆုံး တုံ့ပြန်ဆောင်ရွက်ရသူများဖြစ်သည့် အတွက် သဘာဝဘေး တစ်ခုချင်းစီ၏ အသိပညာ၊ ဗဟုသုတများရှိနေရန်လိုအပ်ကြောင်း၊ ယနေ့ကာလသည် သတင်းအချက် အလက်နည်းပညာခေတ်ဖြစ်ပြီး ပြည်သူများ အကြားတွင်လည်း အသုံးပြုရန် လွယ်ကူလာသည့် အချိန် တွင် ယခုကဲ့သို့နည်းပညာကိုအသုံးပြုပြီး ပြည်သူကို အသိပညာပေးနိုင်ရန်အတွက် MDA မိုဘိုင်းအပလီကေးရှင်း ကို ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ပါသည်။



မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ကြိုတင် သတိပေးချက်များကို ပြည်သူ လူထုထံ အချိန်မီ ပေးပို့နိုင်ရန်နှင့် ဖြစ်လာမည့် ဘေးအန္တရာယ်နှင့် စပ်လျဉ်းပြီးထိခိုက်မှု အနည်းဆုံးဖြစ် အောင် အလွယ်ကူဆုံး နည်းစနစ်ဖြင့် အသိပေးနိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ အပလီကေးရှင်းတွင် မြန်မာနိုင်ငံ၌ အဖြစ်များသော သဘာဝဘေး (၉)မျိုးနှင့်စပ်လျဉ်းပြီး ဆောင်ရန်/ ရှောင်ရန်အချက်များကို လေ့လာနိုင်ရန် လက်ကမ်းစာစောင်များနှင့် ဗီဒီယိုဖိုင်များကိုပါ ထည့်သွင်း ပေးထားခြင်းဖြစ်ပါသည်။



သုံးစွဲသူများအတွက် အသုံးဝင်အကျိုးရှိစေမည့် အပလီကေးရှင်း တစ်ခု ဖြစ်သည့်အတွက် ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိပြီး အသုံးပြုနိုင်စေရေး တိုင်း ဒေသကြီး/ပြည်နယ်များအလိုက် ဆက်လက်ဖြန့်ဝေပေးရန် တိုက်တွန်း ပြောကြားလိုကြောင်းနှင့် နှစ်ရက်တာပြုလုပ်ခဲ့ သည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီမံခန့်ခွဲမှု ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း၊ထောက်ပံ့ပစ္စည်းများစီမံခန့်ခွဲခြင်း၊ ကယ်ဆယ် ရေး ထောက်ပံ့မှု လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်း၊ ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်မှု လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်းများ ကို ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့်အတွက် ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်တိုးတက်ရေး၊ ပြည်သူ့ အတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် ယခင်ကထက် ပိုမိုသင့်လျော်ကောင်းမွန်သော နည်းလမ်း ကောင်းများ ထွက်ရှိလာမည်ဖြစ်ပါကြောင်း၊ လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ/ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင် ရည်များ မြင့်မားအောင်အထောက်အကူဖြစ်စေမည့် မူဝါဒ များ၊ စနစ်များ၊ နည်းလမ်းများကို ဖော်ဆောင်ခြင်းအားဖြင့်

ဌာန၏လုပ်ငန်း အောင်မြင်တိုးတက်မှုကိုများစွာ အထောက်အကူပြုပြီး ခိုင်မာအားကောင်းသည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း၊ ဦးစီးဌာန၏ ပင်မလုပ်ငန်း တစ်ခုဖြစ်သည့် ထောက်ပံ့မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ထောက်ပံ့ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ရုံများတွင် ထိန်းသိမ်းထားရှိခြင်း၊ ဖြန့်ခွဲခြင်းများ စနစ်တကျရှိစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘေးသင့်သူများကို ငွေကြေး၊ ပစ္စည်းများထောက်ပံ့မှုအတွက်လည်း တိကျသည့်မူဝါဒများ၊ စနစ်များ၊ ထောက်ပံ့မှုလမ်းညွှန်များ ချမှတ်ကာ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ထိရောက်သည့် လက်တွေ့လေ့ကျင့် ဆောင်ရွက်မှုများဖြစ်စေရေး ဇာတ်တိုက်လေ့ကျင့်ခန်း လမ်းညွှန်ထွက်ရှိစေရေး ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အစပြုဆောင်ရွက်ခြင်းသည် သဘာဝဘေး အသိပညာပေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အားလုံးစုစည်းညီညွတ်စွာဖြင့် ဌာနတိုးတက် အောင်မြင်ရေးတစ်ဦးချင်းစီမှ လုပ်ငန်းတာဝန်များနှင့်အညီ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။



ဆက်လက်၍ **MDA** မိုဘိုင်းအပလီကေးရှင်း ရေးဆွဲဆောင်ရွက်ခဲ့မှု အခြေအနေ၊ အသုံးပြုပုံနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့အလိုက်ဆွေးနွေးချက်ရလဒ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ရှင်းလင်း တင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့သင်တန်း၊ အမှတ်စဉ်(၄)ဖွင့်ပွဲ နှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၁/၂၀၂၃)ကျင်းပခြင်း

၃၀-၁-၂၀၂၃၊ နေပြည်တော်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆောင်ရွက်သည့် မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ (MDRT) သင်တန်း အမှတ်စဉ်(၄)ဖွင့်ပွဲ အခမ်းအနားကို (၃၀-၁-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသားများက နေပြည်တော်ရှိ Aureum Palace Hotel ၌ လည်းကောင်း၊ AHA Centre မှ Executive Director Mr. Lee Yam Ming နှင့် တာဝန်ရှိသူများက Online မှ လည်းကောင်း တက်ရောက်ကြပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုသင်တန်းသည် ကချင်ပြည်နယ် အတွက် ဒုတိယအကြိမ်ဖြစ်ပြီး MDRT သင်တန်းအနေဖြင့် (၄)ကြိမ်မြောက် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ ကချင်ပြည်နယ် ၏ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်နယ်အတွင်း သဘာဝဘေး အန္တရာယ်များဖြစ်ပွားလာပါက မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့နှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နိုင်ရေး တို့အတွက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (ASEAN Committee on Disaster Management-ACDM) နှင့် ပူးပေါင်း၍ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်(AADMER) ကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက နိုင်ငံကိုယ်စားပြုဆက်သွယ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ AADMER အရ အာဆီယံ ဒေသတွင်း သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ် လေ့လာရေး အဖွဲ့ (ASEAN-Emergency Response and Assessment Team- ASEAN-ERAT) ကို ၂၀၁၀ ပြည့်နှစ်တွင် စတင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ASEAN-ERAT သင်တန်းတက်ရောက်ပြီးသူ(၂၂)ဦးရှိပြီး အာဆီယံဒေသတွင်း ဘေးကျရောက်မှုများတွင် ပူးပေါင်းရင်ဆိုင်တုံ့ပြန်နိုင်ရန် အသင့်ရှိနေပါကြောင်း၊ ထို့နောက် မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ နည်းပြသင်တန်း(၁)ကြိမ်နှင့် မြန်မာဘေး အန္တရာယ် တုံ့ပြန်ရေးအဖွဲ့ MDRT သင်တန်းအမှတ်စဉ် (၁)၊ (၂)၊ (၃) ကို နေပြည်တော်၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်မှ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ(၁၀၂)ဦးတို့ကို သဘာဝ ဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်း ချိတ်ဆက် ဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့နောက် AHA Centre မှ Executive Director Mr. Lee Yam Ming က AHA Center နှင့် ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ မြန်မာဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့သင်တန်း (MDRT) သင်ရိုးညွှန်းတမ်းကို ရေးဆွဲထားရှိမှုအခြေအနေနှင့် မြန်မာနိုင်ငံ၏ သဘာဝဘေး တုံ့ပြန် စွမ်းမြင့်မားရေးအား ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနနှင့်အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်

နိုင်ရေး လိုအပ်သည့်အရင်းအမြစ်များ ဆက်လက်ရှာဖွေပံ့ပိုးသွားမည်ဖြစ်ကြောင်း Video Conferencing စနစ်ဖြင့် ပြောကြားခဲ့ပါသည်။




မြန်မာဘေးအန္တရာယ်တုံ့ပြန်ရေး အဖွဲ့သင်တန်း၊ အမှတ်စဉ် (၄) ကို (၃၀-၁-၂၀၂၃) ရက်နေ့မှ (၄-၂-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆက်လက်၍ နံနက်ပိုင်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၁/၂၀၂၃) ကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ အထူးဖိတ်ကြားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာ စကားပြောကြားရာတွင် ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက်ကာလမှာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ စီမံချက်ကာလ သက်တမ်း တိုးနိုင်ရေးနှင့် တစ်နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် အမျိုးသား အဆင့်ကော်မတီ၏ ရုံးအဖွဲ့ဖွဲ့စည်းခြင်း၊ တိုင်ကြားစာများ အကျုံးဝင်မှုရှိ/မရှိ စိစစ်နိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်၍ စိစစ်ရမည့်အချက်များ သတ်မှတ်ခြင်း၊ တိုင်ကြားရန်နည်းလမ်းများ ပြည်သူသို့ အသိပေးဖြန့်ဝေနိုင်ခြင်း Helpline ဖုန်းနံပါတ် “1566” သို့ တိုင်ကြားနိုင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာ

ဝန်ကြီးဌာနများမှ ဝန်ထမ်းများဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို (၂)ကြိမ် ဖွင့်လှစ်ခဲ့ပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် စတုတ္ထ(၃)လပတ်အစီရင်ခံစာကို ရေးသားပြုစုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြီးခဲ့သည့် အစည်းအဝေး အမှတ်စဉ် ၁/၂၀၂၂ ၏ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ကာလသက်တမ်းတိုးမြှင့်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့ အစည်းများ၏ သဘောထားမှတ်ချက်များအား တင်ပြဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်မှု အပေါ် အားသာချက်/အားနည်းချက်များအား တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်စနစ် (Social Management Information System-SMIS) ၏ CMIS Software စမ်းသပ်အသုံးပြုသည့်သင်တန်း ဖွင့်ပွဲကျင်းပခြင်း




၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ရက် နေပြည်တော်

လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်စနစ် (Social Management Information System-SMIS) ၏ CMIS Software စမ်းသပ်အသုံးပြုခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို (၃၁-၁-၂၀၂၃)ရက်နေ့ နံနက်(၁၀)နာရီ တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။



ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုအစီအစဉ်တွင် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များ အပါအဝင် အထူးစောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၏ အချက်အလက်များအား SMIS စနစ်ဖြင့် စမ်းသပ်ဖြည့်သွင်းနိုင်ရန်အတွက် တပ်မတော်သတင်းနည်းပညာဌာနမှ နည်းပညာအပြည့်အဝ အကူအညီပေး၍ ရေးဆွဲခဲ့ရာ ယခုဆိုရင် Case Management Program ရေးဆွဲဆောင်ရွက်မှု (၉၀%)၊ CMIS Software Digital Platform အသုံးပြုမှု (၉၀%) ရေးဆွဲပြီးစီးပြီး လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (SMIS) ဟာ ဒီနေ့လို အကောင်အထည်ဖော်အောင်မြင်ခဲ့တာ ဖြစ်ပါကြောင်း၊ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များအား SMIS စနစ်အတွင်းသို့ ထည့်သွင်းနိုင်ရန် CMIS Software စနစ်အား စမ်းသပ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းကို လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်နဲ့ နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား/သူများအတွက် သင်တန်းဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ ပြည်သူသို့ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းများပိုမိုကောင်းမွန် ထိရောက်လာစေခြင်း၊ သတင်းအချက် အလက်များ ပိုမိုလုံခြုံစိတ်ချရခြင်း၊ ထိန်းသိမ်းထားနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်းနှင့် များစွာသော အကျိုးကျေးဇူးများရရှိမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သတင်းနည်းပညာဌာနမှ တာဝန်ရှိသူများနှင့် ရုံးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား/သူ စုစုပေါင်း (၆၀)ဦး တက်ရောက်ခဲ့ပြီး၊ သင်တန်းကို (၃၀.၁.၂၀၂၃) ရက်နေ့မှ (၃.၂.၂၀၂၃) ရက်နေ့ထိ (၅)ရက်တာကျင်းပ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# (၇၅) ကြိမ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်သည့်အခမ်းအနား ကျင်းပခြင်း



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက် နေပြည်တော်

(၃၁-၁-၂၀၂၃) ရက်နေ့ နေ့လယ်ပိုင်း၌ ၂၀၂၃ ခုနှစ်၊ (၇၅) ကြိမ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ဘိုးဘွားများ၏ သွေး၊ ချွေးတို့ဖြင့် ရယူခဲ့သော လွတ်လပ်ရေးသည် ယခုဆိုလျှင် (၇၅)နှစ်မြောက်ခဲ့ပြီဖြစ်ပြီး ဂုဏ်ယူစွာဖြင့် ဆင်နွှဲခဲ့ရသည့် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ခဲ့ပါကြောင်း၊ အထိမ်းအမှတ်ပြခန်း၊ ထိုင်ကြည့်စစ်ကြောင်း၊ ဂုဏ်ပြုယာဉ်နှင့် စစ်ရေးပြလမ်းလျှောက်ရာတွင် ပါဝင်ခဲ့ကြသော ဝန်ထမ်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါသော ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုအခမ်းအနား ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအနေဖြင့် အများနှင့်ပူးပေါင်း လုပ်ဆောင်တတ်ခြင်း၊ မိမိကျရာတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် လုပ်ဆောင်တတ်ခြင်းကဲ့သို့သော အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ရေရှည်အလုပ်လုပ်ပြီး နိုင်ငံတော် အကျိုးသယ်ပိုးကြမည့်သူများ ဖြစ်သောကြောင့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းမှာ ကြားလိုပါကြောင်း၊ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အနှစ်သာရပြည့်ဝဖို့ဆိုလျှင် အချုပ်အခြာအာဏာတည်တံ့ရန် အရေးကြီးပြီး မိမိနိုင်ငံ

ကို ချစ်ကြဖို့ အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။



အစီအစဉ်အရ ၂၀၂၃ ခုနှစ်၊ (၇၅) ကြိမ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများအား ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပါသည်။ ထို့နောက် နေပြည်တော်ကလေးပြုစုရေးဌာနမှ ကလေးငယ်များက ကဗျာရွတ်ဆိုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးမှ ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ တာဝန်ခံများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ခြုံငုံသုံးသပ်မှုများဆောင်ရွက်ခြင်း



၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် နေပြည်တော်

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ တာဝန်ခံများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ (၁-၂-၂၀၂၁) ရက်နေ့မှ (၃၁-၁၂-၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ခြုံငုံသုံးသပ်ခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၃)၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ စတင် ကျင်းပပြု

လုပ်ခဲ့ရာပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ဒေါက်တာကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးမှ ဌာနခွဲတာဝန်ခံ လက်ထောက်အတွင်းဝန်များ၊ ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊တိုင်းဒေသကြီး/ပြည်နယ်များမှ ဦးစီးမှူးများ၊ တာဝန်ခံများမှ ပါဝင် တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးအရ စိန်ခေါ်မှုများသော ကာလအတွင်း ပုံမှန်ဆောင်ရွက်နေရသည့် လုပ်ငန်းကိစ္စရပ်များအား အခက်အခဲကြားမှ ဆောင်ရွက်နေရသည့် ဝန်ထမ်းများအားလုံး ၏ စေတနာနှင့် ဆောင်ရွက်ချက်များကို ဂုဏ်ယူမှတ်တမ်းတင်ရှိပါကြောင်း၊ ကိုဗစ်ကပ်ရောဂါ တတိယလှိုင်း ဖြစ်ပွားသည့်ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် ပရဟိတအဖွဲ့အစည်းများကို စည်းရုံးကာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ကိုဗစ်ကာလအတွင်း Work from Home အနေဖြင့် Online အသုံးပြု၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရပြီး အခြေအနေ အရပ်ရပ်၊ အခက်အခဲ အမျိုးမျိုးကြားမှ ကိုယ့်ကိုယ်ကိုယုံကြည်မှု ရှိရှိနဲ့ ဆောင်ရွက်နိုင်ခဲ့ကြတာကို တွေ့ရှိရပါကြောင်း၊ ဦးစီးဌာနများ အနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများလုပ်ငန်းဆောင်ရွက်ရာတွင် သဘောသဘာဝ မတူညီကြဘဲ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ထိတွေ့၍ ဆောင်ရွက်ပေးနေခြင်းများကို တွေ့ရှိရပြီး ရုံးချုပ်အနေဖြင့် နည်းပညာပိုင်း ဆောင်ရွက်မှု၊ အထက်ဌာနများ၏ လမ်းညွှန်ချက်နှင့်အညီ ကြီးကြပ်မှုများ ပြုလုပ်ကြရပြီး လုပ်ငန်းများကို စနစ်တကျဖြင့် ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မြန်မြန်ဆန်ဆန်မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုပါကြောင်း၊ MoU/ LoA အသစ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသော UN/ INGO အဖွဲ့များနှင့် ပတ်သက်၍လည်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပြည်စုံရေး၊ လိုက်နာရမည့်အချက်အလက်များ မှန်ကန်တိကျရေး အလေးထား ဆောင်ရွက်ပြီး ပြည့်စုံမှသာ ထောက်ခံချက်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများ အရှိန်အဟုန်မပျက် တိုးတက်ရေးဆောင်ရွက်သွားကြရန် စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့ပါသည်။



(လူမှုဝန်ထမ်းဦးစီးဌာန)

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်က ၁-၂-၂၀၂၁

ရက်နေ့မှ ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



(ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန)

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများမှ မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အကောင်အထည်ဖော်နိုင်မှု ရလဒ်များ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေး တင်ပြခြင်းများ ဆောင်ရွက်ခဲ့ရာ ရှင်းလင်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို (၁၇:၀၀)နာရီတွင် ရပ်နားခဲ့ပါသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် အစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့်အတူ ညစာအတူတကွသုံးဆောင်ခဲ့ပြီး တက်ရောက်လာသူများအား ပြည်ထောင်စုဝန်ကြီးက ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပါကြောင်း သိရှိရပါသည်။



(ပြန်လည်ထူထောင်ရေးဦးစီးဌာန)

ဝန်ကြီးဌာန၏ အဆိုပါ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ခြုံငုံသုံးသပ်ခြင်းအစည်းအဝေးကို ၂၄-၁-၂၀၂၃ရက်နေ့တွင်ဒုတိယနေ့အဖြစ် ထပ်မံကျင်းပသွားမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

## မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခြင်း




ရှေးဦးအရွယ်ကလေး သူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ်၊ ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၆.၁.၂၀၂၃) ရက်နေ့၊ မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင် မွန်ပြည်နယ်၊ လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌တက်ရောက်အင်အား (၁၈) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။




အဆိုပါအစည်းအဝေးတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဦးမြတ်သွင်မှ အဖွင့်အမှာ စကားပြောကြားပြီး ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးဒေါ်လှဲ့ယဉ်ဝင်းက မွန်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားလာသည့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ သတ်မှတ်အခကြေးငွေ နှုန်းထားများနှင့် ပတ်သက်၍ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ကော်မတီဝင်များမှ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများအတွက် သတ်မှတ်အခ ကြေးငွေနှုန်းထားများကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့ကြပြီး ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ (၁၅:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## (၂၃.၁.၂၀၂၃) ရက်နေ့မှ (၂၇.၁.၂၀၂၃) ရက်နေ့ထိ ၊ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေး ခန်းမ၌ "လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်း" ကျင်းပပြုလုပ်ခြင်း




မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို (၂၃.၁.၂၀၂၃)ရက်နေ့မှ (၂၇.၁.၂၀၂၃)ရက်နေ့အထိ မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ သင်တန်းသား (၂၅) ဦးဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်ညွှန်ကြားရေးမှူးကိုယ်စား ဒုတိယညွှန်ကြားရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာဆင့်ပွားသင်တန်းကို (၂၃.၁.၂၀၂၃) ရက်နေ့မှ (၂၇.၁.၂၀၂၃) ရက်နေ့အထိ (၅) ရက်တာ ဖွင့်လှစ်သင်ကြားခဲ့ပါသည်။




အဆိုပါသင်တန်းတွင် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု အခြေခံသဘောတရားများ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၊ ပဋိပက္ခများနှင့် အကြမ်းဖက်မှု၊ ပဋိပက္ခလေ့လာဆန်းစစ်မှု၊ ပဋိပက္ခခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်းဆက်စပ်ပတ်သက်သူများအား လေ့လာဆန်းစစ်ချက်၊

ပဋိပက္ခများကိုကိုင်တွယ် ဖြေရှင်းမှု နည်းလမ်းများ၊ Social Cohesion & Community Cohesion ၊ Plan of Action ၊ လူ့အခွင့်အရေးများ အကြောင်း သိကောင်းစရာများစသည့် ဘာသာရပ်များအား သင်ကြားပို့ချခဲ့ပြီး ဌာနတွင်း သင်တန်းသား (၁၂) ဦး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန(၂)ဦး၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့(၁)ဦးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း (၁၀) ဦး စုစုပေါင်း သင်တန်းသား (၂၅) ဦးဖြင့် ဖွင့်လှစ် သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနမှကျင်းပခဲ့သည့် Gender ၊ CEDAW၊ NSPAW ၊ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း (နေပြည်တော်)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် Gender, CEDAW, NSPAW, UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့၊ နေ့လယ် (၁၁ : ၀၀) နာရီတွင် ကျင်းပခဲ့ပါသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)နှင့်ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ သင်တန်းသား (၃၀) ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျား၊ မ တန်းတူညီမျှရေးသည်လူမှုရေးကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမဖြစ်ပွားစေရန်နှင့် အမျိုးသမီးများအား ကာကွယ်ရန်အတွက် ဥပဒေပြဋ္ဌာန်းပြီး ပြည်သူများသိအောင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊လူမှုဝန်ထမ်းဦးစီးဌာနသည် အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် One Stop Women Support Center (OSWSC)

များ ဖွင့်လှစ်ခြင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Case Management Information System (CMIS) အတွက် Software ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် CEDAW အား အတည်ပြု လက်မှတ်ရေးထိုးထားသည့်နိုင်ငံဖြစ်သည့်အတွက် CEDAW ပါ ပြဋ္ဌာန်းချက်များအား နိုင်ငံ၏ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ NSPAW Phase II ရေးဆွဲရာတွင် သက်ဆိုင်ရာဌာနများက ကဏ္ဍအလိုက် ownership ယူ၍ ရေးဆွဲသွားရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ UNSCR 1325 နှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် Joint Communique ရေးထိုးထားပြီး တစ်နှစ်စီမံကိန်းဆောင်ရွက်၍ progress report ကို ပုံမှန်တင်သွင်းလျက်ရှိပါကြောင်းနှင့် စီမံချက်သက်တမ်းတိုးရန် ဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားခဲ့ပြီးတက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ဌာနများ၏ ဆောင်ရွက်ချက်များတွင် ကျား၊ မရေးရာကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးပါဝင်မှု ပိုမိုမြင့်မားလာစေရန်အတွက် ကူညီဆောင်ရွက်ပေးကြဖို့ တိုက်တွန်း ပြောကြား ခဲ့ပါသည်။

Gender ၊ CEDAW၊ NSPAW ၊ UNSCR 1325 အသိပညာပေးသင်တန်းကို ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက နံနက် (၀၉:၀၀) နာရီမှ ညနေ (၁၇:၃၀) နာရီထိ ဖွင့်လှစ် ပို့ချခဲ့ကြောင်းသတင်းရရှိပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ဇန်နဝါရီလအတွင်း သဘာဝဘေးအသိပညာပေးဆောင်ရွက်မှု



- (၂၈-၁၂-၂၀၂၂) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများမှဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ထောက်ပံ့ဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာဗဟုသုတများ၊ ဆောင်ရန်/ရှောင်ရန်အား အသိပညာပေးဆောင်ရွက်ခဲ့ပါသည်။

- (၂၉-၁၂-၂၀၂၂)ရက်နေ့တွင် ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများမှဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ ထောက်ပံ့ဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာဗဟုသုတများ၊ ဆောင်ရန်/ရှောင်ရန်များအား အသိပညာပေးဆွေးနွေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘေးသင့်ပြည်သူများအားထောက်ပံ့မှုအခြေအနေ

- ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၌ (၂၂-၁၂-၂၀၂၂) ရက်နေ့တွင် မီးလောင်ကျွမ်းမှုကြောင့် လုံးဝပျက်စီးနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၄၀၀,၀၀၀/-)၊ တစိတ်တပိုင်းနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၅၀,၀၀၀/-)၊ လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးငွေ (၁၀,၅၀၀/-) ကို မီးဘေးသင့်ပြည်သူများထံ (၃၀-၁၂-၂၀၂၂) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- သရက်ခရိုင်၊ သရက်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၌ (၃၁-၁၂-၂၀၂၂) ရက်နေ့တွင် မီးလောင်ကျွမ်းခဲ့သော အိမ်ခြေ (၁) လုံးမှ မီးဘေးသင့်အိမ်ထောင်စု (၁) စု၊ လူဦးရေ (၄) ဦးအတွက် အိမ်ဆောက် ပစ္စည်းဖိုးငွေ (၂၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၈,၄၀၀/-)၊ စုစုပေါင်း (၂,၀၈၄,၀၀၀/-)၊ ကယ်ဆယ် ရေးပစ္စည်း (၁၇) မျိုးတို့ကို (၃-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။




- ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေကြည်မြို့နယ်၊ငါးသိုင်းချောင်းမြို့၊ သရက်ချောင်းကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာ၌ မီးဘေးသင့်ပြည်သူများထံသို့ (၄-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။



- မအူပင်ခရိုင်စီးမှူးရုံးမှ တာဝန်ရှိသူများသည် မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ကျွဲဒုံးကျေးရွာအုပ်စု၊ ကျွဲဒုန်းကျေးရွာတွင် မီးဘေးသင့်ပြည်သူများထံ (၆-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၌ (၃-၁-၂၀၂၃) ရက်နေ့တွင် မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် (၃) လုံး၊ အိမ်ထောင်စု (၅) စုမှ လူဦးရေ (၂၁) ဦးတို့ ဘေးသင့်ခဲ့ပြီး အိမ်ဆောက်ပစ္စည်းဖိုးငွေ (၆၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၄၄,၁၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုး၊ စုစုပေါင်းထောက်ပံ့မှု (၈,၈၉၂,၈၀၀/-) တို့ကို (၆-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်တွင် မီးဘေးသင့်ပြည်သူများထံ (၇-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။




- သရက်ခရိုင်၊ သရက်မြို့နယ်၊ တုံကျေးရွာ၌ (၆-၁-၂၀၂၃) ရက်နေ့တွင် မီးလောင်ကျွမ်းခဲ့သော ဘုန်းကြီးကျောင်းတစ်ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းတန်ဖိုးငွေ (၃၀၀,၀၀၀/-) တို့ကို (၁၀-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကန်ရေ (၁) ကျေးရွာ၌ (၈-၁-၂၀၂၃) ရက်နေ့တွင် မီးလောင်ကျွမ်းခဲ့သော အိမ်ထောင်စု (၂) စုမှ လူဦးရေ (၂) ဦးနှင့် သေဆုံးသူ (၁) ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၄,၂၀၀/-)၊ သေဆုံးထောက်ပံ့ငွေ (၃၀၀,၀၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျောင်းတိုက်စုရပ်ကွက်၊ ပျဉ်တပ်ရပ်ကွက်၌ (၉-၁-၂၀၂၃) ရက်နေ့တွင် မီးလောင်ကျွမ်းမှုကြောင့် အိမ်ထောင်စု (၁) စု အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ (၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၂,၁၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးနှင့် သေဆုံးထောက်ပံ့ငွေ (၃၀၀,၀၀၀/-) တို့ကို (၁၁-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ညောင်တုန်းမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ညောင်တုန်းမြို့၊ အမှတ် (၈) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနှင့်ဇီဇဝါလမ်းထောင့်တွင် မီးဘေးအတွက် (၁၂-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။




- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ လိပ်ပွိုတ်ကျေးရွာအုပ်စု၊ အမှတ်(၄) လမ်းမဘေး စက်ရုံမီးလောင်မှုကြောင့် မီးဘေးသင့်ပြည်သူများထံသို့ (၁၄-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။

- မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ သံကိုင်းကျေးရွာ၌ (၁၂-၁-၂၀၂၃) ရက်နေ့တွင် မီးလောင်ကျွမ်းမှု ကြောင့် လူနေအိမ် (၁) လုံး ပျက်စီးခဲ့ရာ အိမ်ဆောက်ပစ္စည်းဖိုး (၁၀၀,၀၀၀/-)၊ ဆန်ရိက္ခာဖိုးငွေ (၆,၃၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၈-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများပေးအပ်ခဲ့ပါသည်။




- မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ချောင်းဝပိုင်းရပ်ကွက်

မီးဘေးသင့်ပြည်သူများအား (၁၉-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

- ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ အောင်မြင်ကျေးရွာနှင့်မင်းကျေးရွာတို့တွင် (၃၀-၁၁-၂၀၂၂)ရက်နေ့မှ(၁-၁၂-၂၀၂၂) ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူ (၂) ဦးအတွက် ထောက်ပံ့ငွေ (၁၀၀,၀၀၀/-) တို့ကို (၂၀-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါ သည်။

- ရန်ကုန်အရှေ့ပိုင်းခရိုင် တာဝန်ရှိသူများသည် ဗိုလ်တထောင်ခရိုင်၊ ဗိုလ်တထောင်မြို့နယ်၌ (၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ပြည်တွင်းရေကြောင်းဦးစီးဌာနပိုင်နန်းသီတာဆိပ်ကမ်းရှိ ချယ်ရီ(၂) ရေယာဉ်ပေါ် ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရသူ ပြည်သူ(၁၇)ဦးတို့အား တစ်ဦးလျှင် (၅၀,၀၀၀/-) ကျပ်နှုန်းဖြင့် စုစုပေါင်း (၈၅၀,၀၀၀/-) တို့ကို (၂၀-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။




- ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကုန်းပြင်ကျေးရွာတွင် မီးဘေးသင့်ပြည်သူများအား (၂၁-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။




- ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ကျုံပျော်မြို့နယ်၊ပျဉ်ချဆိပ်ကျေးရွာအုပ်စု၊ပျဉ်ချဆိပ်ကျေးရွာ မီးဘေးသင့်ပြည်သူများအား (၂၄-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့ မှုများပေးအပ်ခဲ့ပါသည်။

- မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ လှိုင်းတက်ကျေးရွာ၌ (၂၃-၁-၂၀၂၃)ရက်နေ့တွင် မီးလောင်ကျွမ်းမှုကြောင့်လူနေအိမ် (၁) လုံး ၊ လူဦးရေ (၈) ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ(၁၀၀,၀၀၀/-)၊ဆန်ရိက္ခာဖိုးငွေ(၁၆,၈၀၀/-)၊ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၄-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု

- (၂၉-၁၂-၂၀၂၂) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ထားဝယ်မြို့နယ်၊ အမှတ်(၄)၊ အခြေခံပညာအထက်တန်းကျောင်းတွင် မီးဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။






-        (၁၄-၁-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှုရုံးမှ တာဝန်ရှိသူများသည်ကမာရွတ်ခရိုင်၊ကမာရွတ်မြို့နယ်၊ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်း၌ မြေငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘာသာရပ်ဆွေးနွေးပို့ချမှုသတင်း

-        ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အင်းစိန်ခရိုင်၊ လှိုင်သာယာမြို့နယ်၊ မီးသတ်ဦးစီးမှူးရုံးတွင်ဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းမှ သင်တန်းသူ/ သင်တန်းသားများအား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ်ကို (၁၈-၁-၂၀၂၃) ရက်နေ့တွင် ဆွေးနွေးပို့ချခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ သင်တန်းဖွင့်လှစ်မှုသတင်း




-        (၂၁-၁-၂၀၂၃) ရက်နေ့တွင် မအူပင်ခရိုင်ရုံးမှ တာဝန်ရှိသူများသည် မအူပင်ခရိုင်ဦးစီးမှူးရုံးတွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်း (DRYV) ကို ဖွင့်လှစ်ခဲ့ပါသည်။

-        (၂၄-၁-၂၀၂၃) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်း (BDMC) အမှတ်စဉ် (၁/၂၀၂၃) ကို ဖွင့်လှစ်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အမိုးနီးယားဓာတ်ငွေ့အန္တရာယ်ဆိုးများယိုစိမ့်ထွက်ပေါ်မှုသတင်း



- ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ အမှတ် (၁၃) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်းတွင် ရတနာစုကုမ္ပဏီအတွင်း ရေသန့်ရေခဲတုံး ပြုလုပ်ရန်အတွက် အသုံးပြုသော အမိုးနီးယား ဓါတ်ငွေ့အိုး ယိုစိမ့် ထွက်ပေါ်မှုကြောင့် ကျန်းမာရေး ထိခိုက်ခံစားသူ (၂၉) ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေ (၁,၄၅၀,၀၀၀/-) တို့ကို (၁၃-၁-၂၀၂၃) ရက်နေ့တွင် ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူးရုံးအသစ်ဖွင့်လှစ်မှုသတင်း

- သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သထုံခရိုင်၊ ပေါင်မြို့နယ်၊ ကဒါရပ်ကွက်၊ ထန်းပင်ချောင်ကြီးလမ်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် ပေါင်မြို့နယ် ဦးစီးမှူးရုံးကို (၅-၁-၂၀၂၃) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။



## ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရရှိနိုင်သည့် Quick Win Program လုပ်ငန်းများအရ နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး၊ပြည်နယ်၊မြို့နယ်၊ခရိုင်အတွင်း၌ အသိပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း




ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဌာနခွဲနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား၊ ဘားအံ)တို့မှ ခရိုင်လူမှုဝန်ထမ်းရုံး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရုံးနှင့် အခြေခံပညာကျောင်းများပူးပေါင်း၍ ကျောင်းသား/ကျောင်းသူလေးများအတွက် အသိပညာ ဗဟုသုတ တိုးပွားစေရန်အတွက် အသိပညာပေးဟောပြောပွဲများအား(၁၆.၁.၂၀၂၃)ရက်နေ့တွင် နေပြည်တော် ကောင်စီအတွင်းရှိ အ.ထ.က (MRTV) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား/ကျောင်းသူ (၇၅)ဦး အားလည်းကောင်း၊ အ.ထ.က(ညောင်လွန့်) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား/ကျောင်း

သူ(၉၅)ဦး အားလည်းကောင်း၊ အ.ထ.က(ဗိုလ်မင်းရောင်) အခြေခံပညာအထက်တန်းကျောင်း၌ကျောင်းသား/ကျောင်းသူ(၁၁၂)ဦး အားလည်းကောင်း၊ စုစုပေါင်းကျောင်းသား/ကျောင်းသူ (၂၈၂) ဦးအားလည်းကောင်း၊ (၁၂.၁.၂၀၂၃) ရက်နေ့မှ (၁၆.၁.၂၀၂၃) ရက်နေ့အထိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား) ၌ အခြေခံပညာအထက်တန်းကျောင်း (၆) ကျောင်းတွင် ကျောင်းသား/ ကျောင်းသူ (၁၁၄၀) ဦးအားလည်းကောင်း၊ (၁၀.၁.၂၀၂၃) ရက်နေ့မှ (၃၁.၁.၂၀၂၃) ရက်နေ့အထိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဘားအံ) အခြေခံပညာအထက်တန်းကျောင်း(၁၀)ကျောင်းတွင်ကျောင်းသား/ကျောင်းသူ(၁၀၆၅)ဦးအားလည်းကောင်း၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် အန္တရာယ်များသိရှိနားလည်စေရန်၊ ကလေးသူငယ် အခွင့်အရေးများကို ကိုယ်တိုင်သိရှိနားလည်စေနိုင်ရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်နှင့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကလေးများမှတဆင့် မိသားစုနှင့်ရပ်ရွာအတွင်း အသိပညာများ သိရှိစေရန်၊ လူမှုပတ်ဝန်းကျင်ကောင်းကို အထောက်အကူပြုစေရန်၊ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များနှင့်ဆောင်ရန်၊ ရှောင်ကြဉ်သင့်သည့် အချက်အလက်များ ပိုမိုသိရှိနားလည်နိုင်ပြီး ကောင်းမွန်သည့် နိုင်ငံ့သားကောင်း ရတနာများ ဖြစ်လာစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲ လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး Video Animation များ ပြသခြင်း၊ ရှင်းလင်းဟောပြောပို့ချခြင်း၊ မေးခွန်းများ အပြန်အလှန် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများ၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် လက်ဆောင် ပစ္စည်းပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

## ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြဝတီမြို့၊ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာမှ အ.ထ.က (သဃ်န်းညီနောင်)၌ “မူးယစ်အန္တရာယ်လူ့ရန်စွယ်”၊ “လူကုန်ကူးခြင်းကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းစို့”နှင့် “မိုင်းအန္တရာယ်အသိပညာ ပေးခြင်း” ဆိုင်ရာအသိပညာပေးခြင်း



မြဝတီမြို့၊ ဇန်နဝါရီလ ၁၀

ကရင်ပြည်နယ်၊ မြဝတီမြို့၊ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ပူးပေါင်း၍(၁၀.၁.၂၀၂၃)ရက်နေ့တွင် အ.ထ.က(သဃ်န်းညီနောင်)ကျောင်းတွင် “ **မူးယစ်အန္တရာယ် လူ့ရန်စွယ်** ” ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးကို အဓိကအုပ်စုကြီး (၃)မျိုးဖြစ်သော သဘာဝအလျောက်ဖြစ်ပေါ်သည့် မူယစ်ဆေးဝါး၊ တစ်စိတ်တစ်ပိုင်း ဓာတ်ပြုခြင်းမှ ထွက်ပေါ်လာသည့် မူးယစ်ဆေးဝါးနှင့် ဓာတ်ပြုပစ္စည်းများဖြင့် ဓာတ်ပြုခြင်းမှ ထွက်ပေါ်လာသည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုသည်မှာ ဆေးရွက်ကြီးပင်မှရရှိပြီး ဓာတုပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်း၊ ကော်ဆိုသည်မှာ လူသုံးကုန်ပစ္စည်းများဖြစ်သောပိုက်ဆက်ကော်၊ သစ်သားဆက်ကော်များဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူတို့၏ ရောဂါလက္ခဏာများမှာ မျက်စိသူငယ်အိမ်ကျဉ်းနေခြင်း၊ ငေးငိုင်နေတတ်ခြင်း၊ ဆေးထိုးအပ်ရာများတွေ့ရှိတတ်ခြင်း၊ စိတ်တိုတတ်ခြင်း၊ အလင်းရောင် မနှစ်သက်

ခြင်း၊ မျက်ကွင်းများညိုမဲနေတက်ခြင်း၊ ရံဖန်ရံခါ အော့အန်တက်ခြင်း၊အာရုံစူးစိုက်မှုမရှိခြင်း၊ မေးစေ့များကိုပွတ်သက်နေတက်ခြင်း၊ HIV / AIDS ကူးစက်ခံရတက်ကြောင်း၊



**“လူကုန်ကူးခြင်း ကင်းဝေးဖို့ အားလုံးဝိုင်းဝန်း ပူးပေါင်းစို့”** ခေါင်းစဉ်ဖြင့် လူမှောင်ခိုခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း သယ်ဆောင်ကာ အခကြေးငွေတစ်စုံတစ်ရာယူဆောင်၍ နိုင်ငံတစ်နိုင်ငံသို့ တရားမဝင်သယ်ယူပို့ဆောင်ပေးခြင်း၊ လူကုန်ကူးခြင်းသည် အမျိုးသမီးနှင့်ကလေးသူငယ်များတွင်သာ ဖြစ်ပွားသည်မဟုတ်ဘဲ အမျိုးသားများလည်း လူကုန်ကူးခံနေရသည့် သာဓကများရှိခြင်း၊ လူကုန်ကူးသူတို့သည် မိမိတို့၏ အားနည်းချက်များအပေါ်တွင် အခွင့်အရေးယူ တက်ကြခြင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား ပြောကြားခြင်းနှင့် လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံမှ ပြန်လည်လက်ခံရာတွင် လွှဲပြောင်း လက်ခံသည့် နေရာများမှာ မြဝတီ - မဲဆောက်လမ်းကြောင်း၊ တာချီလိတ် - မယ်ဆိုင်လမ်းကြောင်း၊ ကော့သောင်း - ရနောင်း လမ်းကြောင်းများဖြစ်ကြောင်း၊ တရုတ်/ပြည်တွင်း မှ လွှဲပြောင်း လက်ခံရာတွင် ယာယီလက်ခံစောင့်ရှောက်ရေး ဂေဟာ၊ မူဆယ်နှင့် ယာယီ လက်ခံစောင့်ရှောက်ရေး ဂေဟာ၊ မန္တလေးမြို့မှ လွှဲပြောင်းလက်ခံပေးကြောင်း၊ အခြားနိုင်ငံများမှ လူကုန်ကူးခံရသူများအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လွှဲပြောင်းလက်ခံပေးကြောင်း၊ လူကုန်ကူးခံရသူ တစ်ဦး တွေ့ကြုံရသော ဆင်းရဲဒုက္ခများမှာ လုပ်ငန်းခွင်အကြောင်း သတင်းအမှားများကို လက်ခံရရှိခြင်း၊ နိုင်ငံကူးလက်မှတ်၊ စာရွက်စာတမ်း အထောက်အထားအတုများ ကိုင်ဆောင်စေခြင်း၊ လစာမရရှိခြင်း၊ နိုင်ငံကူးလက်မှတ်နှင့် စာရွက်စာတမ်းများ သိမ်းဆည်းခံရခြင်း၊ ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့နေခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ လွဲမှားမှုပြုလုပ်ခြင်း၊ ပိတ်လှောင်ထားခြင်း၊ တဆင့်ရောင်းစားခြင်း၊ ဘာသာစကားခက်ခဲခြင်း၊ လုပ်ငန်းခွင်အန္တရာယ်များခြင်း၊ တစ်နေ့(၈)နာရီကျော် အလုပ်လုပ်ကိုင်ရခြင်း၊ **“မိုင်းအန္တရာယ်အသိပညာပေးခြင်း”** ခေါင်းစဉ်ဖြင့် မိုင်းနှင့် ပတ်သက်၍ မပေါက်ကွဲသေးသော စစ်လက်ကျန် ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများသည် အသက်သေစေနိုင်ခြင်း၊ ပေါက်ကွဲမှုဖြစ်ပြီးနောက် ဒဏ်ရာရရှိခဲ့ပါက ခန္ဓာကိုယ်လှုပ်ရှားသွားလာမှုကို အခက်အခဲဖြစ်စေနိုင်ခြင်းနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆက်မလုပ်နိုင်တော့ခြင်း၊



ဆိုးရွားသည့်ပေါက်ကွဲမှု ဖြစ်ပွားခြင်း၏အကျိုးဆက်အဖြစ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားစေနိုင်ခြင်း၊ မိုင်းအန္တရာယ် အသိပညာပေးအမှတ်အသားများနှင့် သဲလွန်စများနှင့် ပတ်သက်၍ မြေမြှုပ်မိုင်းနှင့် စစ်လက်ကျန် လက်နက်ပစ္စည်းများ၊ အန္တရာယ်ရှိသည့် နေရာများတွင် အများဆုံး

အသုံးပြုလေ့ရှိသည့် သင်္ကေတများမှာ အနီရောင်အောက်ခံတွင် အဖြူရောင်ဖြင့် အရိုးခေါင်းနှင့် အရိုးနှစ်ချောင်းကြက်ခြေခတ်ပုံသဏ္ဍာန် ပြုလုပ်ထားခြင်း၊ အဝါနှင့်အနက်ရောင် သုံးကြသည်ကိုလည်း ရှားရှားပါးပါးတွေ့ရခြင်း၊ ၎င်းတွင် "မိုင်းအန္တရာယ်ရှိသည် "ဆိုသည့် စာတန်းပါရှိခြင်း၊ မိုင်း (သို့) ပေါက်ကွဲစေတတ်သည့် ပစ္စည်းများဆိုသည်ကို အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ ဒေသဆိုင်ရာဘာသာစကားဖြင့် ဖြစ်စေရေးထိုးထားတက်ခြင်း၊မိုင်းထောင်သူများသည်များသောအားဖြင့် အန္တရာယ် သတိပေးအမှတ်အသားများချန်ထားလေ့မရှိကြောင်း၊ မရောက်ဖူးသည့် နေရာဒေသများသို့ သွားရောက်ပါက ထိုနေရာတွင် နေထိုင်သော ဒေသခံများက ၎င်းတို့အသုံးပြုသည့် အန္တရာယ်သတိပေး အမှတ်အသားများကို မေးမြန်းရမည်ဖြစ်ပါသည်။



ထို့ပြင်မိမိ မရောက်ဖူး သည့် အရပ်ဒေသတွင် မည့်သည့်မိုင်းအန္တရာယ် သတိပေး အမှတ်အသားကို မတွေ့သော်လည်း အဆိုပါနေရာတွင် မိုင်းအန္တရာယ်ကင်းရှင်းသည်ဟု မဆိုနိုင်ကြောင်း၊ ရုပ်ပိုင်း ဆိုင်ရာ လွတ်လပ်စွာ သွားလာ လှုပ်ရှားနိုင်မှုဆုံးရှုံးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်မှု ဆုံးရှုံးခြင်း၊ စိတ်ပိုင်းဆိုင်ရာအကျိုး သက်ရောက်မှုနှင့် ပတ်သက်၍ ကြောက်လန့်ခြင်း၊ စိတ်ဖိစီးခြင်း၊ လုံခြုံမှုမရှိခြင်း၊ မိုင်းများ မပေါက်ကွဲသေးသည့် စစ်ကျန်ခဲယမ်းပစ္စည်းများ တွေ့လျှင် အသိပေးရန်၊ အန္တရာယ်ရှိသည့် နေရာများနှင့် ပတ်သက်၍ သတင်းအချက်အလက် ဖြန့်ဝေရန်၊ ဒေသခံရပ်ရွာ လူထုအားအသိပေးရန်၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကူညီထောက်ပံ့ပေးခြင်း လုပ်ငန်းကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူများအား တစ်ဦးလျှင် (၂) သိန်းနှုန်းဖြင့် စုစုပေါင်း (၆၉၄) ဦးကို သိန်းပေါင်း (၁၃၈၈) သိန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း အသိပညာပေး ဟောပြောခဲ့ပါသည်။

## ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မြဝတီမြို့၊ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာမှ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌" ကလေးလူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ထူထောင်ခြင်း အကြောင်း သိကောင်းစရာ "TalkShow ပြောကြားခြင်း




ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာနှင့်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်မာမာရီ (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် (၁၇.၁.၂၀၂၃)ရက်နေ့တွင် ကလေးတွေဟာလည်း နည်းလမ်းမျိုးစုံနှင့်လူကုန်ကူးခံကြရပါကြောင်း၊ တခြားဖြစ်လေ့ရှိသည့် နည်းလမ်းတစ်ခုကတော့ ကလေးတွေကို မြို့တက်ခိုင်းပြီး ချမ်းသာတဲ့

အိမ်တွေမှာ နေခိုင်းပြီး ကျောင်းထားပေးဖို့နှင့် အိမ်မှုကိစ္စ လုပ်ခပေးဖို့လည်း သဘောတူကြပြီး ကလေး အိမ်ရောက်ရောက်ချင်းပဲ အိမ်အကူ ကျွန်လိုသဘောထားပြီး ရိုက်ကြနှိပ်စက်ကြ ကျောင်းတက်ခွင့်လည်း မပေးခြင်း၊ ကလေးတွေကို မြို့မှာထားဖို့ သဘောတူညီမှု ပြုလုပ်ခြင်းသည် အင်မတန်အန္တရာယ်များပြီး ကိုယ့်ဆွေမျိုး မိတ်ဆွေအရင်းတွေစီမှာတောင် အထူးသတိပြုရမည့်အရာဖြစ်ကြောင်း၊ သင့်မိသားစုဖြစ်ဖြစ်၊ သင့်မိတ်ဆွေထဲကဖြစ်ဖြစ် ဒီလိုအလုပ်သဘောတူညီမှု လုပ်တော့မည်ဆိုရင် အရေးပေါ်လမ်းညွှန်ချက်များရှိကြောင်း၊ (၁) ကလေးနေထိုင်မည့်လိပ်စာအတိအကျကို သိထားပါ၊ (၂) ကလေးနှင့်အမြဲအဆက်သွယ်ရှိပါ၊ (၃) ကလေးမသွားခင် မတရားနှိပ်စက်ခြင်းဆိုတာဘာလဲဆိုတဲ့အကြောင်းကို ကလေးနှင့်အရင်ပြောပြဆွေးနွေးပါ၊ (၄) ကလေးကို လျှို့ဝှက်စကား သင်ထားပေးပါ၊ (၅) ကလေးကို အရေးပေါ်ဖုန်းနံပါတ် ပေးထားသင့်ကြောင်း၊ မိသားစုအခြေအနေ စုံစမ်းခြင်းသည် လူကုန်ကူးခံရသူ၏ မိသားစုအား ရှာဖွေရန်အတွက် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ပေးခြင်းသည် လူကုန်ကူးခံရသူများကို တည်ငြိမ်မှု ပြန်လည်ရရှိစေရန်နှင့် စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ အခြေအနေများ ပြန်လည်ကောင်းမွန်လာစေရန်အတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ လူကုန်ကူးခံရသည့်ကလေးသူငယ်များအား ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် ယာယီလက်ခံစောင့်ရှောက်ပေးပြီး မိသားစုထံ ပြန်လည်အပ်နှံပေးခြင်းနှင့် လူကုန်ကူးခံရသူ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ရှေ့ရှု၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် UNICEFအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာရေးပြီးမြောက်မှုမရှိသူများအတွက် ဆက်လက် သင်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်ချက်များအပေါ် မူတည်၍ အသက်မွေးဝမ်းကြောင်း လေ့ကျင့်သင်ကြားပေးခြင်း၊ သင်တန်းကျောင်း ထားရှိ စောင့်ရှောက်ပေးခြင်း၊ ထောက်ပံ့ပေးမှုများ ပြုလုပ်ဆောင်ရွက်ပေးပါကြောင်း အသိပညာပေး ပြောကြားခဲ့သည်။

